ရင်းစရာက မရှိ။ ငါ့မှာ ရင်းစရာ မရှိပြီကွဲ့။ နဂိုက စကား ကတိအတိုင်း ဟိုဘက်က ဇရပ်ကြီး က ရွှေတစ်ကျပ်သားကို သုံးဆယ်စျေးတုန်းက ငါ ငွေ တစ်သိန်းကုန်တယ်။ ရွှေတစ်ကျပ်သား သုံးဆယ်စျေးတုန်းက မင်း ပါတယ်။ ဒါ ရေစက်ချ တုန်းက…ပါ-ပါတယ်။ အဲဒါ ဝယ်စမ်း ကွဲ့။ ရေစက်ချပြီးတော့ ပြန်ရောင်းမယ် ။ ရေစက်ချပြီးတော့ ရောင်းတာ။ ဝယ်တဲ့အခါ ငွေသား စစ်စစ်က တစ်ပိဿာ။ အဲအဲ ငွေသား စစ်စစ်။ အဲဒီ တစ်သိန်းကို ငွေသားစစ်စစ်ကို ပုံထား လိုက်တာ။ ဟိုဘက်က အဓိဋ္ဌာန်နဲ့ အလှူကို ထည့်။ အလယ် တည့်တည့်က ခလုတ်ကို နင်းတဲ့အခါ ဘယ်ဘက်ကိုမှ လျှာမပြူမှ။ အဲဒါ ဝယ်တာ။ အဲဒီလို ထည့်တော့ ငွေသားက မကြွဘူး။ တစ်သိန်းတန်က အပေါ်က ချည်းဘဲ ရောက်နေတော့တာ။ ငွေသားက မြေကြီးမှာ စိုက်နေတယ်။ ဘယ်နှယ့်လဲဟေ့။ မင်းလည်း သိသားပဲကွယ်။ ဟုတ်ပါတယ်။ သို့သော် ထုံးစံက ဝယ်ရမှာက ရာဇူနဲ့ချိန် ဝယ်ရတာ။ ကဲ မင်းလှူတာတွေ ထည့်စမ်း။ ဟိုက ရှင်ပြုတဲ့ အလှူတွေက ထည့်။ ရဟန်းခံတဲ့ အလှူတွေ ထည့်၊ ကျောင်း ဆောက်တာတွေ ထည့်၊ ရေတွင်း ရေကန် လှူတာတွေ ထည့်။ သိန်းပေါင်း ခုနစ်ဆယ်လောက် အကုန်ထည့်တာ။ ဒီက ငွေတစ်သိန်းက မကြွဘူး။ မကြွဘူး။ ဘယ့်နှယ်လဲဟေ့။ ကျုပ်အလှူက ကုန်ပြီ။ စဉ်းစားစမ်း ဦး။

ရှိတော့ ရှိတယ်ကွယ်။ ဒါထင်တော့ မထင်ဘူး။ ဘာလဲကွဲ့။ အဲတော့ ဥယျာဉ်ကို သွားတဲ့ အခါမှာ ဟိုအိမ့်ရှင်မကို မနက်ဖြန်ခါ ဒါ ထမင်းထုပ်ပေး ဟေ့။ ထမင်းထုပ်တဲ့အခါ ဘာဟင်း များ ရှိလဲ။ ငါးကြီးကြော်ရှိတယ်။ ခရမ်းသီးရှိတယ်။ အာလူးရှိတယ်။ အဲတော်ပြီ။ သရက်သီး ကုလားတည် နှစ်ယောက်စာချက် နှစ်ယောက်စာ။ လမ်းမှာ မိတ်ဆွေတစ်ယောက် တွေ့ရင် ခေါ်သွားမယ်။ ဥယျာဉ်မှာ နေမယ်။ နှစ်ယောက်စာ ထုပ်။ မြို့က ထွက်လို့ နှစ်ဖာလုံလောက် အကွာမှာ အမှိုက်ပုံမှာ ခွေးသားအမိ ငါးကောင် အရိုးနဲ့အရေ ဘဲ။ မသွားနိုင်ပြီ ။ နို့လည်း မထွက်ပြီ။ ကြာတော့ မိခင်ကြီးကလည်း သေ တော့မယ်။ ခွေးမကြီးသေရင် ခွေးလေးတွေ မသေဘူးလား။ ငါ စားမည့် ထမင်းထုပ်ကို ခွေးကို ကျွေးမယ် ။ ဥယျာဉ်ကျကာ သဘော်သီး တို့ ငှက်ပျောသီးတို့ ရှာစားမယ်။

အဲဒီ ထမင်းထုပ်ကို ကျွေးတော့ ခွေးမကြီး စားတော့ အားရှိလာတော့နို့တွေ မထွက်ဘူးလား။ ခွေးလေးတွေ တိုက်တော့တာ။ ခွေးလေးတွေလည်း အားရှိမလာဘူးလား။ မြို့ထဲရွာထဲကို အစာရှာမသွားနိုင်ဘူးလား။ အဲဒီ အလှူတော့ ရှိတယ်။ ကဲ ထည့်စမ်းကွဲ့-လို့ ထမင်းထုပ်ကို ထည့်တာ။ ငွေတစ်သိန်းက အပေါ်ကြွလာတော့တာ။ ထမင်းထုပ်က စိုက်သွားလေတော့ တာ။ ဟား။ မင်း ထမင်းထုပ်က တယ်ပြီးတော့ တယ် ခရီးရောက်ပါတကား ဟေ့။ တယ်ခရီး ရောက်တယ်။

ကဲ မင်း လိုတဲ့ ငွေတစ်သိန်းကို ယူကွယ်။ ထမင်းထုပ်လှူတဲ့ ကုသိုလ်ငါ့ကို အမျှပေး။ ကြားရဲ့လား။ ထမင်းထုပ်က ခရီး ရောက်တာ။

သိန်းပေါင်း ခုနစ်ဆယ်... ထမင်းထုပ်ကို မှီရဲ့လား။ ဘာတွေများ ကွာတာလဲ ကွယ့်။ ဟင်။ စေတနာ တော့ ဟုတ်တယ်။ စေတနာလေးက လုပ်ဦးမှပေါ့..။ စေတနာ ကွာပုံလေးတွေ လုပ်ကြ။ စေတနာတော့ ဟုတ်တယ်။ မထင်ရှားဘူး။ ကွာပုံလေး လုပ်ဦး။ ဇရပ်ကြီး ဆောက်ခဲ့ တာ။ ကျောင်း ဆောက်ခဲ့တာ။ ရဟန်းခံခဲ့တာ။ ရှင်ပြုခဲ့တာ။ ရေတွင်း ရေကန်တူး လို့ လှူခဲ့ တာ။ ဘုရား တည်ခဲ့တာ။ လူချမ်းသာ ဖြစ်ချင်လို့ ဘုရားတည်ခဲ့တာ။ နတ်ချမ်းသာဖြစ်ချင်လို့ ကျောင်း ဆောက်ခဲ့ တာ။ ပြဟ္မာ ချမ်းသာ ဖြစ်ဖို့ အမျိုးမျိုး လှူခဲ့တာ။ လောဘခြံရံတာ။ ကဲ စေတနာကို လောဘခြံရံတာ။ ပေးချင် ကမ်းချင်တာ သူတွေငါတွေလား စေတနာတွေလား။ ကဲ နတ်ချမ်းသာ ဖြစ်ချင်တာ လောဘ ။ပြဟ္မာချမ်းသာ ဖြစ်ချင်တာ လောဘ။ လူချမ်းသာ ဖြစ်ချင်တာ လောဘ။ ခွေး သားအမိ ငါးကောင် ကို ကျွေးတာက မေတ္တာနဲ့ ကရုဏာ ခြံရံတာ။ စေတနာမှာ မေတ္တာနဲ့ကရုဏာ ခြံရံတာ။ မခြားနား ဘူးလား။အဲလို စိစစ်ဖို့မကောင်းလား။ မေတ္တာနဲ့ကရုဏာ ခြံရံတာဗျာ့။ ကဲ ညောင်စေ့လောက်လှူ လည်း ညောင်ပင်ကြီး လောက်ရ တယ်လို့ ပြောသံ မကြားဖူးဘူးလား။ ပြောတော့ ပြောတတ်တယ် မသိ။ အင်။ မသိကွဲ့။ ညောင်ပင်ကြီး လောက်လှူခြား ညောင်စေ့လောက် ရတယ် လို့ မပြောဘူး လား။ သိန်းပေါင်းများစွာက အခု ညောင်စေ့လောက် ဖြစ်နေတာ။ ညောင်စေ့လောက်က ညောင်ပင်ကြီးလောက် ကြီးတာ ထမင်းထုပ်က ဘယ်လောက် ကြီးသလဲ။ မေတ္တာနဲ့ ကရုဏာ ခြံရံတာ။ မခြားနားဘူးလား။

ကဲ အဲဒါထက် ဝိပဿနာဉာဏ် မဂ်ဉာဏ်မဟောဘူးလား။ လှူချင်တာ တန်းချင်တာ ငါလား စေတနာလား။ ကျွေးချင်တာ မွေးချင်တာ သူတွေ ငါတွေလား စေတနာလား။ စေတနာက နာမ်တရား မရလား။ စေတနာနဲ့ သဟဇာတဖြစ်တဲ့ စိတ္တဇဝါယောက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ လူလား နာမ်နှင့်ရုပ်လား။ ငါလား နာမ်နှင့်ရုပ်လား။ မိန်းမယောကျ်ားတွေလား နာမ်နှင့်ရုပ်လား။ လူ၊နတ်၊ပြဟ္မာလား နာမ်နှင့်ရုပ်လား။ သြော် နာမ်ရုပ် တွေ့နော်။ ကဲ နာမ် ရုပ်လို့ သိတာ သူငါက သိတာလား သတိလား။ ဟော ဘယ်မဂ်က သိတာလဲ။ သမာဓိမဂ်။ နာမ်ရုပ်ကို သိတာ သူငါက သိတာလား မဂ္ဂသစ္စာလား။ ဘယ်မဂ်က သိတာလဲ။ သမာဓိမဂ်။ ဟော...သတိ တစ်လုံး ဝင်လာပြီ။ နာမ်ရုပ်တွေ့တာ သတိ။

ကဲ သတိ တွေ့တဲ့ အခါ နာမ်ရုပ် တွေ့တဲ့အခါ လူ၊နတ်၊ပြဟ္မာ တွေ့သေးရဲ့လား။ ကဲ သမာဓိ ကောင်းတယ်လို့ မပြောဘူးလား။ ဟိုလူက စိတ်ဆိုးလောက်အောင် ပြောလည်း စိတ်ဆိုးဦး မလား။

ဝမ်းမြောက် ဝမ်းသာ ဖြစ်အောင် ပြောလည်း ဝမ်းမြောက်ဦးမလား။ သမာဓိ ကောင်း တာ ကိုးကွဲ့။ စိတ်ဆိုးစရာပဲ့ မရှိဘဲကိုနော်။ဝမ်းသာစရာကား တွေ့သေးရဲ့လား။ တွေ့တာက နာမ်နဲ့ရုပ်။ ကဲ စိစစ်ဖို့ မကောင်းလား။ ကဲ သတိကြောင့် နာမ်ရုပ်ကို သိတာနော်။

အဲဒီ နာမ်ရုပ်တရား နှစ်ပါးက ဖောက်ပြန်ပြီးတော့ မပျက်လား။ သိပြီးတော့ မပျက်လား။ နာမ်ရုပ် တွေ့တာလား မရှိတာ တွေ့တာလား။ မရှိတာ အနိစ္စလို့ မဟောလား။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့တရားကို သုခလို့ ခေါ်မလား ဒုက္ခလို့ခေါ်မလား။ ဤဒုက္ခတရားကို ပိုင်သူ ရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ရဲ လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တ။ အဲဒါ ပွားလို့ သိတာ။ တီရဏပရိညာ။

အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တယ်။ အနိစ္စတွေ့တဲ့ အချိန် နာမ်ရုပ်တွေ့ရဲ့လား။ ဒုက္ခတွေ့တဲ့အခါ နာမ်ရုပ် တွေ့ရဲ့လား။ အနတ္တ တွေ့တဲ့အခါ နာမ်ရုပ်တွေ့ရဲ့လား။ အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလို လား။ အနတ္တ တရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ တီရဏပရိညာ။ ဟော... တီရဏပရိညာ။

နာမ်ရုပ်ကိုသိတော့ လူ၊ နတ်၊ ဗြဟ္မာ တွေ့သေးရဲ့လား။ ဉာတပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တဲ့ အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ တီရဏပရိညာ။ အနိစ္စ၊ဒုက္ခ၊အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာလို့ အမှန်သိတာ ယထာဘူတ ဉာဏ်လို့ ဟော မဟော။ သိပြီ အမှန်တွေ့ပြီ။ တရားရှာတာ။ တရား ပျောက်တော့ ကိုယ်မှာရှာ လို့ မဟောဘူးလား။ ခန္ဓာကိုယ်မှာ ရှာ။ နားက တရားကိုနာ။ ဉာဏ်က ခန္ဓာလှည့်။ ခန္ဓာလှည့် တာ ဆင်းရဲတာ ဆင်းရဲတာပဲ တွေ့တယ်။ ချမ်းသာတာ တွေ့သေးရဲ့လား။ အမှန်သိတော့ ယထာဘူတ ဉာဏ် ။

ဒုတိယ ဆက်ကြိုးစား ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယ ကျတော့ကာ အသိ ဉာဏ်က ရင့်လာပြီ။ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ ခန္ဓာက ကျွတ်ချင်တဲ့စိတ်တွေ မပေါ်လား။ ကဲ အခါတိုင်းနဲ့ တူရဲ့လား။ လောကကို ပျင်းမုန်းငြီးငွေ့ပြီ ကြားလား။ အဲဒီပုဂ္ဂိုလ်က အရင် တုန်းက တောက်ကြွကြွ။ ကဲ အခုတော့ကာ အပြောအဆိုတွေ မူပြောင်း မလာဘူးလား။ သိမ်မွေ့သွားပြီနော်။ လောက ပျင်းမုန်းငြီးငွေ့ပြီ။ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်။ ဟော ထူးခြားလာတယ်။

တတိယအဆင့် ကြိုးစား ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့ တရား အပ်ဖျား တစ်ထောက်စာမျှတွေ့ရဲ့လား။ အပ်ဖျား တစ်ထောက်စာ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့

တစ်ချိန် သမ္မာဝါစာ-သမ္မာကမ္မန္တ- သမ္မာအာဇီဝ သီလ မဂ္ဂင်သုံးပါး မဝင်လား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းလိုက်တော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့ အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ လောကုတ္တရာ လို့ မဟောဘူးလား။

သောတာပတ္တိမဂ်- သောတာပတ္တိဖိုလ်ဘာတွေ ပယ်တာလဲ စိစစ်ဖို့မကောင်းလား။ အနုသယ ကိလေသာ ။ ဘယ်အနုသယလဲ။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့တရားနှစ်ပါးကိုပယ်တာ။ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်တာ။ ကာမရာဂ၊ဗျာပါဒက အနာဂါမ်မှ ပယ်တာ။ ရူပရာဂ၊ အရူပရာဂက ဘုရားရဟန္တာမှ ပယ်တာ။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ် တော့ ပရိယုဋ္ဌာန မနှောက် လာသေးရဲ့လား။ မနှောက် မလာ...ဝီတိက္ကမ ကာယကံ၊ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာ ဇာတ် မသိမ်း လား။ ပဟာန ပရိညာလို့ မဟောဘူးလား။ အဲဒါ သတိ ပညာ ဦးစီးတဲ့ အလုပ်ဗျာ့။

ကဲ သတိပညာ ဦးစီးတာ။ နာမ်ရုပ်လို့သိ အနိစ္စလို့သိ။ နာမ်ရုပ်လို့သိတော့ ဒိဋ္ဌိ မပြုတ်လား။ ဝိစိကိစ္ဆာ မချုပ်လား။ အနိစ္စသိတော့ တဏှာ မသေလား။ ဥပါဒါန် လာသေးရဲ့လား။ ကာမာသဝနဲ့ ဘဝါသဝ ချုပ်တယ်။ နာမ်ရုပ်ကို သိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်။ အာသဝေါ တရား လေးပါး မကုန်လား။ ကုန်ရင် သမုဒယသစ္စာ မသေလား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ----မဂ္ဂသစ္စာ။ (မဂ္ဂသစ္စာ ပါဘုရား။ ) သေတာက ----သမုဒယသစ္စာ။ (သမုဒယသစ္စာပါဘုရား။) နောက်ခန္ဓာ မလာတာ ။(နိရောဓသစ္စာ ပါဘုရား။)ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ် နှစ်ကွက်ရှိ။ (လေးကွက်ရှိ ပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။)ငါး လေးလီ။ (နှစ်ဆယ်။) ဤရှစ်သွယ်ကို။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု ။

..........................................................................................................................................

ဩဝါဒ။...။ လောဘ ခြိုးတဲ့ အလုပ်။မေတ္တာ ကရုဏာ ခြိုးတဲ့ အလုပ်။ သတိ ပညာ ခြိုးတဲ့ အလုပ်။ အဲဒါ လိုတယ်ဗျား။ နင်တို့တော့ မသိဘူးဟေ့...ဒီက ဟောရတာတော့ အာပေါက် နေပြီ။

အင်း ဟိုဒင်းများ ရှေးက ပြောသလို ခွေးလေး ခုန် ဖုန်မထ။ ဒီကတော့ ဒိဋ္ဌိပြုတ်အောင် ဟောတာ လှုပ် လှုပ်ပဲ့ မရှိဘူး ထင်ပါရဲ့။

17.5.2005,(2:00pm)16